အမည် --------------------

(တစ်ပုစ္ဆာလျှင် ၁၀ မှတ်စီ)

၁။ အားရဝမ်းသာ အလုမာန်ယစ်နေသူ အလုမယ်သန္တာန်၌ ဖြစ်သော စိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ) လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်–၁
အညသမာန်းစေတသိက်–၁၃၊ မောစတုက်–၄၊ လောဘ,မာန၊ ပေါင်း ၁၉

၂။ အလုပ်ပြုတ်၍ စိတ်ညစ်သူ၌ ဖြစ်နိုင်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်–၁
ပီတိကြဉ်သော အညသမာန်း–၁၂၊ မောစတုက်–၄၊ ဒေါသ၊ ပေါင်း ၁၇

(သသင်္ခါရိကလည်း ဖြစ်နိုင်သည်)

၃။ သူများအိမ်ဝယ်သည်ကို ကြား၍ စိတ်မချမ်းသာသူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်–၁
ပီတိကြဉ်သော အညသမာန်း–၁၂၊ မောစတုက်–၄၊ ဒေါသ၊ ဣဿာ၊ ပေါင်း ၁၈

(သသင်္ခါရိကလည်း ဖြစ်နိုင်သည်)

၄။ သံသရာဒုက္ခကို ဉာဏ်ဖြင့် လေးနက်ထက်သန်စွာ ဆင်ခြင်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်–၁
ပီတိကြဉ် အညသမာန်းစေတသိက်–၁၂၊ သောဘနသာဓာရဏစေတသိက်–၁၉၊ ပညာ၊ ပေါင်း ၃၂

၅။ အပုပ်နံ့ နံစဉ် ဖြစ်သော စိတ်နှင့်စေတသိက်ကို ရေးပြပါ။

(ဖြေ) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်–၁
သဗ္ဗစိတ္တသာဓာရဏစေတသိက်–၇

၆။ ဒါနသည် နိဗ္ဗာန်သို့ ရောက်ရန် အထောက်အကူမပြုဟု စွဲမြဲထက်သန်စွာ ယုံကြည်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်–၁
အညသမာန်းစေတသိက်–၁၃၊ မောစတုက်–၄၊ လောဘ,ဒိဋ္ဌိ၊ ပေါင်း ၁၉
(လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်သသင်္ခါရိကစိတ်လည်း ဖြစ်နိုင်သည်)

၇။ ရောင်းသူဝယ်သူ နှစ်ယောက် ဈေးစကားပြောနေစဉ်၌ ကိုယ်နှင့်အရောင်းအဝယ်ဖြစ်ရန် ပွဲပျက်အောင် စကားပြောသူ၌ ဖြစ်နိုင်သော စိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ) လောဘမူ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်–၁
အညသမာန်းစေတသိက်–၁၃၊ မောစတုက်–၄၊ လောဘ,ဒိဋ္ဌိ၊ ပေါင်း ၁၉

(လောဘမူစိတ် ၈–ပါးတွင် တပါးပါး ဖြစ်နိုင်သည်)